

# ဆီမီးအိမ်လေး နှင့် မီးပြတိုက်



Akio and Tomoko Matsuoka

ပင်လယ်ကမ်းရိုးတန်းအနီး ကျွန်းကလေးတကျွန်းပေါ်တွင် မီးပြတိုက်တစ်ခုက ခန့်ငြားထည်ဝါစွာ ရပ်တည်နေသည်။

နေ့အချိန်များတွင် ၄င်း၏ နံရံများက နေရောင်အောက်တွင် အရောင်တဖိတ်ဖိတ်နှင့်လင်းလက်နေသလို ညအချိန်များ၌လည်း ပင်လယ်ထဲတွင် ရှိသောသူ–တို့အတွက် ကောင်းကင်မှ ကြယ်များထက်ပင် သာလွန်သော အလင်းရောင်ဖြင့် လင်းလက်တောက်ပစွာ တောက်လောင်လျက် ရှိနေခဲ့သည်။ ဤမီးပြတိုက်ကို လာရောက် လည်ပတ်ကြသောလူပေါင်းများစွာတို့ကလည်း ဤမီးပြတိုက်၏ အရွယ်ပမာဏနှင့် အင်အားကို ထင်မြင်ချက် အမျိုးမျိုးပေးကြပြီး ပတ်ဝန်းကျင်ရှုခင်းကို ပိုမိုသာယာအောင် ဖြည့်စွက် ပေးသည့် မီးပြတိုက်၏ အနုပညာဆန်သော အလှအပကို အမြတ်တနိုး ချီးကျူးပြောဆိုလေ့ရှိကြသည်။ အချို့ကလည်း မုန်တိုင်းကျနေသောအချိန် ဤမီးပြတိုက်က မည်သို့ မိမိတို့ အသက်အန္တရာယ်မှ လွတ်ကင်းရန် ကျေးဇူးပြုခဲ့ကြောင်း အစောင့်ကို ပြောပြကြသည်။

ခြွင်းချက်တစ်ခုမှလွဲ၍ အားလုံးက ထိုမီးပြတိုက်ကို ချစ်ခင်ကြ–သည်။ ထိုအရာက မီးပြတိုက်ထဲတွင် ရှိနေသော ဆီမီးအိမ်လေးပင်ဖြစ်သည်။ နေ့အချိန်တွင် ၄င်းကို လှေခါးရင်းတွင် မေ့မေ့ပျောက်ပျောက် ချိတ်ဆွဲထားပြီး ညအချိန်မှာမီးပြတိုက်ကိုမီးထွန်းရန်အတွက်လှေကားတက်ရာတွင် ထိုမီးအိမ်လေးကို အစောင့်ကအသုံးပြုသည်။ ဤသို့ဖြစ်ရခြင်းမှာ မီးအိမ်ငယ်လေးက မိမိ၏အလုပ်ကို အထင်အမြင်သေး၍ မဟုတ်ပါ။ မိမိ အစေခံနေရသည့် အကြောင်းအရင်းကို သူနားလည် သိရှိပါသည်။ သို့သော်… နိမ့်ကျသော မီးအိမ်လေးထက်ပို၍ များစွာသော လူတို့ထံ ရောက်ရှိအကူအညီပေးနိုင်ပြီး မိမိထက် အဆပေါင်းများစွာ အလင်းရောင် ပေးနိုင်သူတစ်ယောက်၏ အရိပ်အောက် နေထိုင်ရမည့် အနေအထားဆိုသည့် အတွေးက ဆီမီးအိမ်လေး၏ စိတ်ထဲ နက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက်ကာ နာကျည်းမှုကို တစိမ့်စိမ့် ဖြစ်နေစေခဲ့သည်။

အကယ်၍ ဆီမီးအိမ်လေးက အခြားအရာ တစ်ခုခုသာ ဖြစ်ခဲ့လျှင် – ဥပမာအားဖြင့် တံမြက်စည်းတစ်ချောင်းသာ ဖြစ်ခဲ့လျှင် မိမိအနေနှင့် ကိုယ့်ကိုယ်ကို ဤမီးပြတိုက်နှင့် နှိုင်းယှဉ်စရာအကြောင်း များများစားစား မရှိလှ။ ၄င်းတို့၏ လုပ်ဆောင်မှုများက တသီးတခြားစီ ဖြစ်နေခဲ့ပေလိမ့်မည်။ သို့သော် နှစ်ခုစလုံးက အခြားသူများ သွားမည့်လမ်းအတွက် အလင်းပေးရန် ရည်ရွယ်ချက်ဖြင့်ပြုလုပ်ထားခဲ့သည်ဖြစ်ရာ မီးအိမ်လေးအနေနှင့်အရည်အချင်းများစွာ နိမ့်ကျနေသကဲ့သို့ ခံစားနေမိသည်။ မိမိ၏ ချို့တဲ့မှုက မိမိထက် ပို၍ သာလွန်ကြီးမြတ်သူအနီးရှိနေခြင်းကြောင့် ပို၍ ထင်ရှားသိသာရသည်ဟု ယူဆထားခဲ့သည်။ ထို့ကြောင့်လည်း အစဉ်သဖြင့်ဆိုသကဲ့သို့ မီးအိမ်လေးသည် လေးလံထိုင်းမှိုင်းသော စိတ်ဖြင့်သာ အလုပ်လုပ်နေခဲ့ရသည်။

တနေ့သောအခါမှာ ကျွန်း၏ မြေပြင်ပေါ် များစွာသော ဧည့်သည်တို့လာရောက်ကစားခဲ့သောအချိန်၊ ထူးထူးခြားခြား တောက်ပသည့် မွန်းလွဲပိုင်း အချိန်အပြီး မီးပြတိုက်၏ တံခါးကို တစုံတယောက်ကလာ၍ ခေါက်ခဲ့သည်။ ထိုသူက မိမိတို့ ကစားနေချိန် မျက်ခြေပြတ်သွားသော သူငယ်ချင်း တစ်ဦးအား လိုက်လံ ရှာဖွေနေသည့် ယောကျာ်းလေးတစ်ဦးဖြစ်ပြီး ယခုအခါ ထိုသူငယ်ချင်းကပျောက်ဆုံးနေခဲ့ပြီဖြစ်သည်။နေကလည်းဝင်သွားပြီမို့၊ ပျော်ရွှင် နှစ်သက်စရာဖြစ်ခဲ့သော ကမ်းခြေမှာ ယခုအခါ မှောင်မိုက်၍ ဘေးဒုက္ခတစ်ခုခုကျရောက်တော့မည့်အလားရှိနေခဲ့သည်။ ကြင်နာသောဤမီးပြတိုက်အစောင့်က သူ၏ ပျောက်ဆုံးနေသော သူငယ်ချင်းအား ကူညီရှာပေးနိုင်ပါမည်လား။?

မီးပြတိုက်အစောင့်က ထိုလူငယ်လေးကို အထဲသို့ အလျင်အမြန်ဝင်စေကာ သူ့အား စောင်တထည်ဖြင့် ရစ်ပတ်လွှမ်းခြုံအပြီး မိမိကိုယ်ကိုလည်း ည၏ အအေးဒဏ်မှ ကာကွယ်ရန် သူ၏ အနွေးထည်ကိုယူဘို့လှည့်လိုက်သည်။

ထို့နောက် သူက တံခါးနှင့်လှေကားကြားရှိ ချိတ်ကို လှမ်းယူပြီး မီးအိမ်ငယ်လေးကို ချိတ်ဖြင့် လှမ်းယူလိုက်သည်။ ဆီမီးအိမ်၌ ဆီအပြည့်ရှိမရှိ၊ မီးစာကဆီဖြင့် ကောင်းစွာ စိုနေခြင်း ရှိမရှိ စသည်တို့ကို သေချာစွာ စစ်ဆေးပြီးအစောင့်က မီးထွန်း လိုက်ရင်းမှ “သစ္စာရှိတဲ့ မိတ်ဆွေ၊ ဒီညတောက်ပစွာ ထွန်းလင်းလိုက်ပါ။ မီးပြတိုက်ကို ငါနဲ့အတူ မယူသွားနိုင် ဘူး၊ သူ့ရဲ့ ဒီမှာရှိ နေခြင်းက အကျိုးရှိတယ်။ ဒါပေမဲ့ မင်းကို ဒီလိုအခါမျိုးအတွက် ပြုလုပ်ထားတာဖြစ်တယ်။ ငါမင်းကို အလိုအရှိဆုံးအချိန်က ဒီအချိန်ပါဘဲ”ဟု ပြောလိုက်သည်။

ဆီမီးအိမ်လေး၏ သံသယများ၊ စိတ်သောကများကို ထို ခဏခြင်းမှာပင် ပျော်ရွှင်ဝမ်းမြောက်ခြင်းက အစားထိုး ဝင်ရောက် လာခဲ့ရာ ဤနေရာတွင် ဤအမှုမျိုးကို သူသာလျှင် လုပ်ဆောင်နိုင်ကြောင်းကို သိရှိ၍ ဝမ်းမြောက်ရ ခြင်းပင်ဖြစ်သည်။

ထိုညတစ်ညလုံး ချုံကြိုချုံကြားများ၌ ဆီမီးအိမ်လေးသည် မည်သည့်အခါကမျှနှင့်မတူဘဲ တည်ငြိမ်လင်းထိန်စွာဖြင့် တောက်လောင်ခဲ့သည်။ မီးပြတိုက်စောင့်က သူ့အပေါ် အားကိုးအားထားပြုနေသောကြောင့် သူ့အနေနှင့်ကလည်း ဤသို့ ဖြစ်ကို ဖြစ်နေရမည်။ နောက်ဆုံးတွင် ပျောက်ဆုံးနေသော လူငယ်လေးကို ပြန်လည် ရှာဖွေတွေ့ရှိပြီး သူ၏ မိတ်ဆွေ လူငယ်လေးနှင့် မီးပြတိုက်ရှိရာသို့ အန္တရာယ်ကင်းရှင်းစွာ ခေါ်ဆောင်လာနိုင်ခဲ့သည်။

ထိုအချိန်မှစ၍ ဆီမီးအိမ်လေးသည် သူ၏ နေရာကိုသော်၄င်း သူ့အား ပြုလုပ်ထားခဲ့ရသော ရည်ရွယ်ရင်းကို၄င်း သံသယ မဖြစ်တော့ပါ။ ထိုညတွင် အလွန်ကြီးမြတ်သော သင်ခန်းစာကို သူရရှိခဲ့ပြီဖြစ်သည်။ မိမိကိုယ်တိုင် အသုံးဝင်ဆုံးသောသူတစ်ယောက်နှင့် အပျော်ရွှင်ဆုံးသောသူဖြစ်ခဲ့ရသည်။

သင့်၌လည်းအလားတူ မည်သူကမျှဝင်ရောက်မဖြည့်ဆည်းနိုင်သော အလွန်ထူးခြားသည့် နေရာနှင့် ရည်ရွယ်ရင်းရှိသည်။ အခြားသူများ၌ မိမိထက်ပို၍ တောက်ပသော အလင်းရောင်များ၊ ပိုမိုကြီးမားသော ပါရမီစွမ်းရည်များ၊ လွှမ်းမိုးမှုများ – ရှိနေသကဲ့သို့ မြင်ရသော်လည်း ကျွန်ုပ်တို့၏ နလုံးသားကို စောင့်သောသူသည် သူ၏ အကြီးမြတ်ဆုံးသော အရာရာကိုသိသည့် ချစ်ခြင်းမေတ္တာအားဖြင့် အကြောင်းတစ်ခုခုကြောင့် ပြုလုပ်ထားခဲ့သည့် နည်းလမ်းအတိုင်း သင့်အား ဖန်ဆင်းခဲ့သည်။ ထူးခြားမှုများကို ဖြစ်လာစေရန်အတွက် မိမိအလင်းက သေးငယ်လွန်းလှသည်ဟု ဘယ်သော အခါမျှ မယူဆပါနှင့်။

“သင်တို့သည် ဤလောက၏ အလင်းဖြစ်ကြ၏။ တောင်ထိပ်၌တည်သော မြို့ကို မကွယ်နိုင်။ ဆီမီးထွန်း၍ တောင်းဇလားအောက်၌ ဖုံးထားလေ့မရှိ။ အိမ်သူအိမ်သားအပေါင်းတို့သည် အလင်းကို ရစေခြင်းငှါ ဆီမီးခုံပေါ်မှာ တင်ထားလေ့ရှိ၏။ ထိုနည်းတူ သူတပါးတို့သည် သင်တို့၏ ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသောသင်တို့ အဘ၏ ဂုဏ်တော်ကို ချီးမွမ်းစေခြင်းငှါ သူတပါးရှေ့၌ သင်တို့အလင်းကိုလင်းစေကြလော့။ ယေရှု မဿဲ ၅း၁၄–၁၆